ဘာသာပြန် စာရေးဆရာ - L&L Team

# နတ်ဘုရားတို့အား ဆန့်ကျင်၍ (ယုံကြည်ချက်)

(Chapter 2226-2240)

စာစဉ် - (၁၄၁)

# အပိုင်း ၂၂၂၆
## နတ်ဘုရားအရှင် ကျဆုံးခြင်း - ၂

*

ပြင်းထန်သော တုန်လှုပ်မှုတစ်ခု သူ့စိတ်ဝိညာဉ်အား ဓားဖြင့် ထိုးခံလိုက်ရသကဲ့သို့ နာကျင်စွာ ခံစားလိုက်ရသည်။

သူ့ပါးစပ်မှ သွေးများ နောက်တစ်ကြိမ် ထွက်လာပြီး မျက်နှာ အတော်လေး ပျက်ယွင်းသွားခဲ့သည်။

အဆုံးမဲ့တရားစီရင်ခြင်း ခွန်အားများ ပြိုကွဲခြင်းမှာ သူ၏ စိတ်ဝိညာဉ်ကို အတော်လေး အထိနာသွားစေသည်လေ။

စစ်မှန်သောနတ်ဘုရား အတွက်ပင် လျစ်လျူမရှုသင့်သော အရာမျိုး ဖြစ်ပေ၏။ သို့သော် တျန့်လော်ဟုံမှာ နှစ်ပေါင်းများစွာ တိုက်ပွဲများနှင့် ကျင်လည်ခဲ့သူ တစ်ယောက်ပင်။

ထို့ကြောင့် မတုံ့မဆိုင်းပဲ ပါးစပ်မှ သွေးများကို သုတ်လိုက်ပြီး နာကျင်မှုကို တောင့်ခံလိုက်၏။

သူ နတ်စွမ်းအားကို နောက်တစ်ကြိမ် လှုံ့ဆော်ရင်း သူ့ရှေ့မှ အန္တရာယ်ကိုသာ အာရုံစိုက်လိုက်လေသည်။

"ဘုန်း"

သူ၏ နတ်စွမ်းအားကို နောက်တစ်ကြိမ် လှုံ့ဆော်သည်နှင့် ကောင်းကင်မှ

နဂါးမှာ နောက်တစ်ကြိမ် ပြန်ပေါ်လာပြီး ကောင်းကင်ယံကို ပဲ့တင်ထပ်သွားသည့် အသံကြီး ဖြစ်ပေါ်လာပြန်သည်။

"ဂါး..."

ပြင်းထန်သော လေထုဖိအား နှင့်အတူ ဒဏ်ရာရထားသည့် စစ်မှန်သော နတ်ဘုရားမှာ ခေါင်းချာချာလည်အောင် မူးသွားသည်။

သူ နတ်ဘုရားဝိညာဉ်မှာ အားကောင်းသည်ကို ယုံကြည်သော်ငြား ရှေးဟောင်းနဂါးနတ်ဘုရား၏ တိုက်ခိုက်မှုကို ခံနိုင်ရန်မှာ မလွယ်ချေ။

စွမ်းအားအကာအရံကို ထုတ်သုံးထားသော်ငြား နဂါးနတ်ဘုရား၏ ဟိန်းဟောက်သံက သူ၏ စိတ်ဝိညာဉ်ကိုပါ ထိုးဖောက်သွားခဲ့၏။

"အာ့ အဟွတ်..."

တည့်မတ်အောင် ကြိုးစားထိန်းထားရသော ကိုယ်ထည်မှာ ပြင်းထန်သော တုန်လှုပ်မှုကြောင့် အနက်ရောင် သွေးများ စီးကျလာပြီး ဘေးပတ်လည်မှ အမှုန်များကို စွန်းထင်းသွားစေခဲ့သည်။

သူ အမြင်အာရုံများ ဝေဝါးလာပြီး ဖိအားမှာ မခံနိုင်လောက်အောင် ဖြစ်လာလေပြီ။

သူ့ကိုယ်သူ ပြန်လည် တည်ငြိမ်အောင် ကြိုးစားရန်းကန်နေသော်ငြား အားနည်းနေပြီဖြစ်သော အခြေအနေမှာ ပိုဆိုးလာခဲ့၏။

ဤနေရာမှာ မြူခိုးပင်လယ်၏ နက်ရှိုင်းသော အတွင်းပိုင်း ဖြစ်ပြီး စွမ်းအင်များ အလိုလို တိုက်စားခံနေရသဖြင့် ပြန်လည်အားဖြည့်ရန် မလွယ်ကူချေ။

တိုက်ခိုက်သည့် အချိန်တိုင်း သုံးလိုက်သော နတ်စွမ်းအားများမှာလည်း စိုးစဉ်းသော်မျှ ပြန်မရနိုင်ခဲ့ပေ။

ဤနေရာမှ မထွက်ခွာမချင်း ထိုအတိုင်းသာ ဖြစ်ပေလိမ့်မည်။

ထိုစဉ် မြန်လွန်းလွန်းသော အရှိန်ဖြင့် မှုန်ဝါးဝါးအရာ တစ်ခု သူ့ထံ ဦးတည်လာနေသည်။

သူ စွမ်းအင် အကာအရံကို မလှုံ့ဆော်မီမှာပင် မထင်ထားသည့် ဖျက်ဆီးခြင်းခွန်အား တစ်မျိုး သူ့အား ဘေးဘက်မှ တွန်းထုတ်လိုက်သကဲ့သို့ ဖြစ်သွားပြီး ဥက္ကာခဲတစ်ခုပမာ လွင့်ပျံသွားရသည်။

ကောင်းကင်ယံ၌ သွေးစများ ပြန့်ကျဲသွားတော့၏။

တျန့်လော်ဟုံ၏ ခန္ဓာကိုယ် ချောက်ကမ်းပါး လေထုကို ဖြတ်သန်း လွင့်စဉ်သွားချိန် ကမ္ဘာကြီးအား အနီရောင်အလင်းတန်းဖြင့် ခြယ်သလိုက်သည့် ပုံရိပ်ပမာ ထင်ဟပ်သွားလေသည်။ သို့သော် ထိုမျှနှင့် မပြီးသေးချေ။

"ဂါး..."

နောက်ထပ် ချောက်ကမ်းပါး သားရဲတစ်ကောင် ပေါ်လာပြန်သည်။

ချောက်ချားဖွယ် အမှတ်အသားများရှိသည့် ကိုယ်ထည်မှာ တိုက်ပွဲစစ်မြေပြင်၌ ထီးထီးကြီး ရှိနေသည်။

၎င်း၏ အရှိန်အဝါက လင်သားရဲကို မယှဉ်နိုင်သော်ငြား လျှော့တွက်၍ မရပါချေ။

အထူးသဖြင့် တိုက်ခိုက်မှုကို မကာကွယ်နိုင်တော့သည့် နတ်ဘုရားအတွက် သားရဲကြီး ထပ်ပေါ်လာခြင်းက ကပ်ဆိုးတစ်ခုဟု ဆိုရမည်။

တျန့်လော်ဟုံမှာ လင်သားရဲကိုသာ တစ်ချိန်လုံး အာရုံစိုက်ခဲ့ရသဖြင့် ထိုသားရဲကို သတိမထားမိခဲ့ချေ။

"သေစမ်း...."

ယွမ်ချီ၏ အသံမှာ စစ်ကြေငြာဘိအလား တင်းမာစွာ ထွက်ပေါ်လာသည်။

လင်သားရဲမှာ ချက်ချင်းပင် လေဟာနယ်ထဲ ထိုးဖောက်ကာ ဒဏ်ရာရထားသည့် နတ်ဘုရားနောက် ထက်ကြပ်မကွာ လိုက်တော့သည်။

တစ်ချိန်တည်းမှာပင် အသစ်ရောက်လာသည့် ချောက်ကမ်းပါးသားရဲမှာလည်း ကောင်းကင်မှ သွေးရောင်လွှမ်းနေသည့် လူရိပ်ရှိရာ အရှိန်အမြင့်ဆုံး လိုက်တော့၏။

"ဂါး..."

ထိုမျှမကပဲ ကောင်းကင်ယံမှ ရှေးဟောင်းနဂါးနတ်ဘုရား ပုံရိပ်မှာ နောက်တစ်ကြိမ် ပြန်ပေါ်လာသည်။

ဝိညာဉ်ဖျက်ဆီးသည့် နဂါးဟိန်းသံမှာ ချောက်ကမ်းပါးတစ်ခုလုံး အထပ်ထပ် ပဲ့တင်သွားလေသည်။

တျန့်လော်ဟုံ၏ နတ်ဝိညာဉ်မှာ အတော်လေး ယိုယွင်းလာပြီး ကွဲပ်ဆတ်လှသည့် မှန်သားပြင်ပမာ ပျက်စီးစ ပြုလာသည်။

ဝီရိယစိုက်ထုတ်ထားသည့် စွမ်းအားများမှာလည်း ဝိညာဉ်ထိုးဖောက်ခြင်း ဖိအားကို မခံနိုင်ပဲ ပြိုကျလာတော့၏။

"အာ့..."

နာကျင်မှုလှိုင်းကြောင့် သူ၏ မြင့်မြတ်လှသောဝိညာဉ်မှာ အထိန်းအကွပ် မဲ့လာလေပြီ။

"ဘုန်း"

အချိန်အတိအကျပင် လင်သားရဲမှာလည်း ကြီးမားသော အမြီးကြီးဖြင့် ရိုက်ခတ်ပြန်သည်။

"အာ့..."

သက်ရောက်မှုကား ဆိုးရွားလွန်းလှ၏။

တုန်ုင်းမဲ့လှသော နတ်ဘုရား တျန့်လော်ဟုံ၏ ကိုယ်ထည်မှာ အောက်သို့ ထိုးကျသွားပြီး သူ၏ ရွှေရောင်အော်ရာမှာ လုံးဝ ငြိမ်းတော့မည့် ကြယ် တစ်လုံးပမာ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာခဲ့သည်။

"ဘုန်း"

တျန့်လော်ဟုံ၏ ခန္ဓာကိုယ် မြေကြီးပေါ်မကျမီပင် ဧရာမချောက်ကမ်းပါး သားရဲကြီး၏ လက်သည်းကြီးများက အသွေးအသားများထဲထိတိုင် ထိုး ဖောက်သွားလေသည်။

"ဂွျတ်.."

ချောက်ကမ်းပါး နဂါးသားရဲကြီး၏ ခြေသည်းများမှာ တျန့်လော်ဟုံ၏ ကျောဘက်ကို ထိုးဖောက်ကာ သွေးများ တစက်စက် စီးကျလာသည်။

"အား...."

တျန့်လော်ဟုံမှာ တစ်ချက်သာ အော်ညည်းလိုက်ပြီး ဒေါသနှင့် နာကျင်မှု တို့ကြောင့် မေ့မြောသွားတော့၏။

သို့သော် တိုက်ခိုက်ခြင်းမှာ ဤမျှမဟုတ်သေးပေ။

"ဘုန်း..."

ဒုတိယတစ်ကြိမ် တိုက်ခိုက်မှု ရောက်လာပြန်သည်။

လင်သားရဲကြီး၏ လက်သည်းများမှာ နောက်တစ်ဖက် နံရိုးထဲထိ ထိုး ဖောက်သွားလျက် သွေးများ တောင်ကျချောင်းရေပမာ ဒလဟောစီးကျလာ တော့၏။

နတ်ဘုရားသွေး စွတ်စိုသွားသော ကမ္ဘာမြေကြီးမှာ သိမ့်သိမ့်တုန်အောင် ခါယမ်းသွားခဲ့သည်။

အသံတိတ် ဖျက်ဆီးခြင်း လှိုင်းများမှာ ဘေးပတ်လည်သို့ ဖြာထွက်လာ

သလို တုန်လှုပ်ခြင်းနှင့် မယုံကြည်နိုင်ခြင်းတို့ ရောယှက်နေသည့် အသံတစ်သံ ပေါ်ထွက်လာသည်။

"ဟမ်..."

တျန့်လော်ဟုံမှာ သူ့အား တိုက်ခိုက်သူကို အပြင်းအထန် ကြိုးစားကြည့်လိုက်သည်။

သူ၏ ရွှေရောင်မျက်လုံးများမှာ ဒေါသတရားကြောင့် လောင်ကျွမ်းနေသော်ငြား သားရဲအသစ်ကို မြင်ချိန်တွင် တစ်ကိုယ်လုံး အေးခဲသွားရ၏။

နှုတ်ခမ်းမှ တုန်လှုပ်ချောက်ချားစွာ နာမည်တစ်ခုကို ရွတ်ဆို ထွက်ပေါ်လာသည်။

"နဂါးဘုရင်..."

သူကိုယ်တိုင်ချေမှုန်း၊ ဖျက်ဆီးခဲ့သည့် သူမှာ သူ့အား တည့်တည့်ကြီး စူးစိုက်ကြည့်နေလေပြီ။

မည်သို့မျှမဖြစ်နိုင်။ ဤသည်မှာ ချောက်ကမ်းပါးအမှုန့်များကြောင့် ဖြစ်လာသည့် လင်သားရဲကဲ့သို့သော သားရဲသာ ဖြစ်ပေမည်။

ခန္ဓာကိုယ် တစ်စစီဖြစ်၊ စွမ်းအားများလည်း ကုန်ခန်းနေသော သနားစဖွယ် နတ်ဘုရားတျန့်လော်ဟုံထံမှ တီးတိုးရေရွတ်သံ ထွက်ပေါ်လာ၏။

"ဘယ်လိုအခြေအနေလဲ..."

တစ်စုံတစ်ယောက်အား ချောက်ကမ်းသားသားရဲအဖြစ် ပြောင်းရန်မှာ မလွယ်ကူချေ။

သို့သော် ချောက်ကမ်းပါးမှာ နှစ်ပေါင်းများစွာ တည်ရှိခဲ့ပြီး အဆုံးမဲ့ မြူခိုးပင်လယ်ထဲသို့ များစွာသော သူများ လာရောက် စွန့်စားကြသောကြောင့် အရေအတွက်မှာ အချိန်နှင့်အမျှ တိုးတက်နေသည်။

အချိန်ခဏအတွင်း သူသတ်လိုက်သည့် သူမှာ သားရဲအဖြစ် ပြောင်းသွားပြီး သူ လင်သားရဲအား အာရုံစိုက်ချိန် သူ့အား ပြန်လည် တိုက်ခိုက်လာသည်မှာ ယုံနိုင်ဖွယ် မရှိတော့လေ။

ဤသည်မှာ မြူခိုးဧကရာဇ်၏ အစီအစဉ် ဖြစ်ပေမည်။ သားရဲများအနေဖြင့် ထိုသို့မလုပ်နိုင်ကြချေ။ သားရဲများမှာ အသိဉာဏ်မဲ့စွာ သတ်ဖြတ်ရန်သာ တတ်နိုင်ကြ၏။

သို့သော် မြူခိုးဧကရာဇ်သည်ကား သူတို့အား အပြည့်အဝ ထိန်းချုပ်နိုင်သောကြောင့် ဤသည်မှာလည်း သူ၏ လက်ချက်သာ ဖြစ်ပေမည်။

"အဟွတ်..."

တချန့်လော်ဟုံ ပါးစပ်ထဲမှ သွေးများ ထွေးထုတ်လိုက်ပြီး တဆတ်ဆတ်တုန်ယင်နေသော ကိုယ်မှာ ရွှေရောင် အော်ရာများ တဖြည်းဖြည်း ယုတ်လျော့လာသည်။

သို့သော် သူ၏ ရန်သူများမှာ သူ့အား အသက်ရှုချိန်ပင် မပေးခဲ့ချေ။ သူ အသိများ ဝေဝါးသွားလျက်....

နဂါးနှင့် ချီလင်းသားရဲ နှစ်ကောင်မှာ ယွမ်ချီ၏ အမိန့်ကို နာခံလျက် သူ့အား ပေါင်းစည်း တိုက်ခိုက်နေကြသည်။

သူ၏ စိတ်ဝိညာဉ်မှာ တုန်ခါနေသည့်အပြင် အသိစိတ်မှာလည်း ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့လေပြီ။

ထွက်ပြေးနေစဉ် အနာဂတ်ကို တွေ့မြင်လိုက်ရသည်။

အနာဂတ်...

သူချစ်ခဲ့ရသော အချိန်နှင့်အမျှ ပျောက်ကွယ် သွားခဲ့ကြသော သူ၏ ချစ်ရသူများမှာ သူ့ရှေ့၌ စောင့်ကြိုနေကြသည်။

သူရှေ့ဆက်တိုးစဉ် သူ၏ စိတ်ထဲမှ အော်သံတစ်ခု ကြားလိုက်၏။

"မသွားနဲ့..."

စိတ်ဝိညာဉ်ထဲမှ နာကျင်မှုဒဏ်ကို ခံစားလိုက်ရသည်နှင့် ရှေ့မှ ပုံရိပ်ယောင်မြင်ကွင်းများ အားလုံး ဗလာနတ္ထိ ဖြစ်သွားခဲ့၏။

"အာ့..."

စိတ်ဝိညာဉ်အား ထိုးဖောက်လာသည့် အော်သံကြောင့် တျန့်လော်ဟုံမှာ အစစ်အမှန်ဆီ ပြန်လည် ရောက်ရှိလာသည်။

သူ၏ ပုံရိပ်ယောင် အပြင်၌ ရှိသော အရာများမှာ သားရဲလက်သည်းများ၊ အမြီးများနှင့် ချောက်ကမ်းပါး တိုက်စားခြင်းတို့သာဖြစ်ပေသည်။

မဆုတ်မနစ် သတ်ဖြတ်မှုများမှာ လုံးဝ မရပ်တန့်ခဲ့ချေ။

"ဘုန်း ဘုန်း"

သူ့အပေါ် ကျရောက်လာသော ပျက်စီးခြင်းများကြောင့် အဆုံးမဲ့ မြူခိုးများ လှုပ်ယမ်းတုန်ခါ နေလေ၏။

"ဂါး..."

ယွမ်ချီ၏ ထိန်းချုပ်မှုဖြင့် ချောက်ကမ်းပါးသားရဲကြီး နှစ်ကောင်မှာ တစ်ချိန်က မောက်မာခဲ့သည့် နတ်ဘုရားအား အတိုင်းအဆမဲ့ တရစပ် တိုက်ခိုက်နေကြ၏။

တရစပ် ကျရောက်နေသော တိုက်ခိုက်မှုများကြောင့် နတ်စွမ်းအား ကိုယ်ထည်မှာ တစ်စတစ်စ ယိုယွင်းလာလေပြီ။

သူ၏အသက် အော်ရာမှာလည်း တဖြည်းဖြည်း မှေးမှိန်လာသလို ချောက်ကမ်းပါး အမှုန်များ၏ တိုက်စားမှုကြောင့် သူ့အသွေးအသား တည်ရှိမှုမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်လာတော့၏။

တစ်ချိန်က မဖျက်ဆီးနိုင်ခဲ့သည့် ကိုယ်ထည်မှာ သွေးအလိမ်းလိမ်း အကျိုးကျိုး အပဲ့ပဲ့ဖြစ်နေပြီး စစ်မှန်သော နတ်ဘုရားတစ်ပါး၏ ပေါ့လျော့မှုက သူ့အား သေမင်းတံခါးဝဆီ တွန်းပို့နေတော့၏။

"ဘုန်း း း း"

"ဂါး း း း"

ချောက်ကမ်းပါးသားရဲကြီး နှစ်ကောင်သည် ခန္ဓာပျက်စီးသွားသည့်တိုင် တိုက်ခိုက်မှုကို မရပ်ခဲ့ပေ။ ယွမ်ချီ၏ အကြွင်းမဲ့ ထိန်းချုပ်မှုအောက်တွင် သူတို့စွမ်းအားကုန် သုံးပြီး နတ်ဘုရား၏ နောက်ဆုံး ဘဝလက်ကျန်ကို အဆုံးသတ်သည်ထိ စိတ်ပိုင်းဖြတ်ထားကြပုံပင်။

ချောက်ကမ်းပါး အမှုန်များ၏ ပျက်စီးစွမ်းအားသည် အတားအဆီးမဲ့ ဒီရေအလား ပျံ့နှံ့သွားပြီး လဲကျနေခဲ့သော နတ်ဘုရားကို တစ်စ တစ်စ ဝါးမျိုလာသည်။ သူ၏ ယိုယွင်းလာသော ခန္ဓာကိုယ်သည် ဗလာနတ္ထိ ဖြစ်သွားပြီး သူ့စိတ်ဝိညာဉ်ဆီသို့ ပျက်စီးစွမ်းအားများ စတင် စိမ့်ဝင်လာလေသည်။

ထိုအခိုက် တျန့်လော်ဟုံ ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်သည်။

သူ့ခန္ဓာကိုယ် ရုန်းမထွက်နိုင်အောင် ဆုံးရှုံးနေလေပြီ၊ သူ၏နတ်ဘုရားဝိညာဉ်ကိုသာ လွတ်မြောက်ရန် အပြင်းအထန် ကြိုးစားလိုက်၏။

သူ တွက်ချက်ခဲ့မှုများ မှားယွင်းခဲ့၏။ လင်နတ်ဘုရားကို အဆုံးမဲ့ မြူခိုးပင်လယ်၏ နက်ရှိုင်းသော နယ်ပယ်အတွင်း ထွက်ပြေးခွင့်ပေးခဲ့ပြီး ဤကျိန်စာသင့်နေရာတွင် တိုက်ခိုက်ရန် ရွေးချယ်ခဲ့ခြင်းမှာ သားရဲကောင်များအား အကောင်းဆုံး အခွင့်ရေး ပေးအပ်လိုက်မိလိုက်သော သူ၏ မှားယွင်းမှုဖြစ်၏။ သို့သော် ထိုအမှားမျိုး ထပ်မှား၍ မဖြစ်တော့ပေ။

"မင်းစောင့်နေလိုက်၊ ငါ့ကိုယ်ငါ ပြန်တည်ဆောက်ပြီးတာနဲ့ မင်းတို့ကို

ပြန်လာပြီး သတ်ပစ်မယ်"

ဒေါသတကြီး ဟိန်းဟောက်သံနှင့် အတူ သူ့ဝိညာဉ်မှာ အမှောင်ထု အတွင်း တိုးဝင်ပျောက်ကွယ် သွားခဲ့သည်။

"ယွမ်ချီ သူ့ဝိညာဉ် ထွက်ပြေးဖို့ ကြိုးစားနေပြီ"

လီဆွန်၏ ဆော်ဩသံက ယွမ်ချီစိတ်ထဲ ကျယ်လောင်သွားသည်။

စစ်မှန်သော နတ်ဘုရား တစ်ပါး အနေဖြင့် မည်ရွေ့မည်မျှ စွမ်းအားရှိစေ ခန္ဓာကိုယ် ပျက်သုန်းခြင်းဟူသည် စိုးစဉ်းသော်မျှ အဓိပ္ပာယ် မရှိပါချေ။

သူတို့တည်ရှိမှု၏ စစ်မှန်သော အရင်းမြစ်မှာ သူတို့၏ နတ်ဘုရားဝိညာဉ် ဖြစ်ပေသည်။ ထိုအရာ မယိုယွင်း မပျက်စီးသေးသရွေ့ ပြန်လည် မွေးဖွား နိုင်သည်ပင်။

အကယ်၍ တျန့်လော်ဟုံ၏ ဝိညာဉ် လွတ်မြောက်သွားသည်နှင့် ယွမ်ချီ ကြိုးစား တိုက်ခိုက်ခဲ့သမျှသည်လည်း အဓိပ္ပာယ် မဲ့ရပေမည်။

သို့တိုင် စက္ကန့်များ ကြာသည့်တိုင် ယွမ်ချီ မလှုပ်ရှားနိုင်ခဲ့ပေ။ အမှန် အားဖြင့် သူ့ခန္ဓာကိုယ်မှာ ပြင်းစွာ တုန်ယင်နေပြီး ဒွာရပေါက်များမှ ဆည် ကျိုးသည့် ရေပမာ သွေးများ စီးကျနေ၏။

"အင့်"

သူ့နှုတ်ဖျားမှ နာကျင်စွာ ညည်းတွားသံ ထွက်လာပြီး ဒူးထောက် ကျသွား သည်။

သူ့အမြင် ဝေဝါးလာသော်လည်း၊ သူ့တစ်ကိုယ်လုံး မခံမရပ်နိုင်လောက် အောင် ဝေဒနာ ခံစားနေရသော်လည်း ထွက်ပြေးနေသော နတ်ဘုရား ဝိညာဉ်ကို မလွတ်တမ်း ကြည့်လျက် သူ့ကိုယ်သူ တွန်းအားပေးနေခဲ့၏။

"ယွမ်ချီ"

လီဆွန် သတိပေးရာမှ စိုးရိမ်မှုသို့ ပြောင်းသွားသည်။

သူမ၏ အာရုံစိုက်မှုတို့ ယွမ်ချီထံ အမြန်ပြောင်းလိုက်၏။ ယခု သူပြုလာသည့် ကြောက်မက်ဖွယ် အရာကို နားလည်လိုက်လေပြီ။

နတ်ဘုရားပြာကို အသက်သွင်းပြီး နတ်ဘုရားအရှင်သခင် နဝမအဆင့်၌ ချောက်ကမ်းပါး သားရဲ နှစ်ကောင်ကို စေခိုင်းကာ နတ်နဂါး ဟိန်းဟောက်သံ သုံးကြိမ်တိုင် အတင်းအကျပ် ဖိအားပေး ပြုလုပ်ခဲ့ခြင်း၏ အကျိုးဆက်များ ပြန်လည်ကာ တုံ့ပြန်လာခဲ့လေပြီ။

သူ၏ စွမ်းအားများ မထင်မှတ်လောက်အောင် ကျဆင်းနေသည်။ စွမ်းအားအဆင့်မှာ နတ်ဘုရား အရှင်သခင် အစောပိုင်း အဆင့်သို့တိုင် တစ်ခဏအတွင်း ထိုးကျလာခဲ့၏။

"ငါ"

ယွမ်ချီ လက်သီးကို တင်းတင်းဆုပ်လိုက်ပြီး အသက်ရှူမဝ ဖြစ်နေသည်။ သူသည် ထွက်ပြေးနေသော နတ်ဘုရားဝိညာဉ်နောက် လိုက်ချင်နေ၏။ သို့ပါသော်လည်း ..

သူ့ကိုယ်ခန္ဓာကား... ကြာကြာ မလှုပ်ရှားနိုင်ချေ။ သူ ခွန်အားများ ကုန်ခန်းနေခဲ့ပြီ။ ဤတိုက်ပွဲတွင် အရာရာကို သူအသုံးပြုခဲ့ပြီးလေပြီ။

"ဘာပဲဖြစ်ဖြစ် နင် သူ့ကို သွားခိုင်းလို့ မဖြစ်ဘူးလေ၊ ထပါဦး"

ထွက်ပြေးနေသော ဝိညာဉ်မှာ ပို၍ ဝေးသွားသည်ကို ခံစားမိသည်နှင့် လီဆွန်၏ အသံမှာ စိတ်ပျက်စွာ ထွက်ပေါ်လာသည်။

သို့တိုင် ယွမ်ချီ အမှန်ပင် မလှုပ်ရှားနိုင်ခဲ့လေ။

အကယ်၍ ဒီအတိုင်း ဆက်သွားပါက အဆိုးဆုံး ရလဒ်များ ဖြစ်သွားနိုင်သည်။ ထိုအတွေးက လီဆွန်၏ စိတ်ထဲ ကြွံခိုင်မှုတစ်ခု တစ်ရှိန်ထိုး

တွန်းပို့ပေးလာသည်။ သူမ အံကို တင်းတင်းကြိတ်ပြီး မြန်ဆန်သော ဆုံးဖြတ်ချက် တစ်ခု ချလိုက်၏။ ကြီးလေးစွာ တန်ကြေးရှိမည့် အရာတစ်ခု ဖြစ်သည်လေ။

"နင် ဒါကို ကောင်းကောင်း အသုံးချရင် ပိုပြီးကောင်းမယ်"

တစ်ခဏအတွင်း တောက်ပခြင်းတစ်ခု၊ သန့်စင်သော အဖြူရောင် စွမ်းအင် အလင်းတန်း တစ်ခုမှာ ယွမ်ချီ၏ ဝိညာဉ်အတွင်း ထွက်ပေါ်လာပြီး သူ၏ ယိုယွင်းနေသော ခန္ဓာကိုယ်အတွင်း ပျံ့နှံ့ စီးဝင်သွားခဲ့သည်။ သူ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်မျိုးလုံးမှာ ပြင်းထန်သော ဒဏ်ရာများ ကြောက်မက်ဖွယ် အရှိန်တစ်ခုဖြင့် တစ်စတစ်စ သက်သာ ပျောက်ကင်း လာလေသည်။

ယွမ်ချီ၏ ရှုပ်ထွေးနေသော စိတ်များ တိုးဝင်လာသော အသိစိတ်ကြောင့် တစ်စတစ်စ ကြည်လင်လာ၏။

"လီဆွန်"

အံ့အားသင့်ဖွယ် အပြောင်းအလဲကို ခံစားမိသည်နှင့် သူ၏ ခပ်အက်အက် အသံက တုန်ခါသွားသည်။ သူမ မည့်သည့်နည်းလမ်း သုံးလိုက်သည်ကို သူမသိသော်လည်း အဖိုးအခ ကြီးမားမည်ကိုတော့ သူသိလိုက်၏။

သို့သော် ထိုအကြောင်းအား စဉ်းစားနေရန် အချိန် မရှိပါလေ။

သူကျင့်ကြံအဆင့် ချက်ချင်းဆိုသလို အထွတ်အထိပ်သို့ ပြန်ရောက်ရှိလာပြီး သူစွမ်းအား တစ်ဖန် ပေါက်ကွဲ သွားသည်။ နတ်ဘုရားပြာ၏ အခြေအနေမှာမူ ယခင်ထက် တည်ငြိမ်နေလေသည်။

ထွက်ပြေးနေသော နတ်ဘုရားဝိညာဉ်၏ အထက် မြင့်မားသော ချောက်ကမ်းပါး ကောင်းကင်ယံတွင် ကြီးမားသော ရှေးဟောင်း နဂါးနတ်

ဘုရား သဏ္ဍာန် တစ်ဖန် ဖြစ်ပေါ်လာပြီး နတ်ဘုရားစွမ်းအားများက လေဟာနယ်ကို တွန့်လိမ် လှုပ်ခတ်စေသည်။

ထိုစဉ် -

"ဝေါင်းးး"

ယခင်က စွမ်းအားများထက် များစွာ ပိုမို ကြမ်းကြုတ် ပြင်းထန်သော နဂါး ဟိန်းသံကြီး ထွက်ပေါ်လာခဲ့သည်။

ကောင်းကင်ကြီးမှာ တုန်ယမ်းသွားပြီး လွတ်မြောက်နေသော နတ်ဘုရား ဝိညာဉ်သည် ထို ခက်ထန်လှသော အမျက်ဒေါသတွင် ချက်ချင်းပင် နစ်မြုပ်သွားသည်။

"အားးးးးးးးး"

တျန့်လော်ဟုံ၏ နတ်ဘုရား အရင်းအမြစ် တဆတ်ဆတ် တုန်ခါလျက် ပြိုပျက်လုနီးနီး ထွက်ပြေးနေသော သူ့ဝိညာဉ်မှာ ချက်ချင်းပင် မချိမဆံ့ ခံစားသွားရ၏။

သူ လုံခြုံခဲ့သည်ဟု တွေးထင်ခဲ့သည်။ မမှန်းဆနိုင်လောက်သော အကွာ အဝေးတစ်ခု ထိတိုင် သူပြေးခဲ့သလို သူတို့သည်လည်း လိုက်မလာနိုင်ခဲ့ချေ။

သို့သော် မထင်မှတ်လောက်သည့် အကွာအဝေး ရောက်နေသည့်တိုင် ယွမ်ချီသည် နဂါးဟိန်းဟောက်သံဖြင့် သူအား ထိုးနှက်နိုင်လိမ့်မည်ဟု အဘယ် မှာ ထင်ပါမည်နည်း..

ချောက်ကမ်းပါး အမှုန်များသည် နဂါးနတ်ဘုရား ဟိန်းဟောက်သံ၏ အဖျက်စွမ်းအားနှင့် ပေါင်းစပ်ပြီး ယိုယွင်းလာသော နတ်ဘုရား ဝိညာဉ်ကို တိုက်စားသွားသည်။ ယိမ်းယိုင်လာပြီး ပျက်သုန်းလုနီးနီး တဲတဲလေးသာ ကျန်တော့သည့် သူ၏ တည်ရှိမှုအား တိုက်ခိုက်လာသော ကြမ်းကြုတ်မှု

ပင်...

ထိုအခိုက်အတန့်၌-

"ရှီး:::::"

လက်ကို ဝှေ့ယမ်းလိုက်ပြီး ယွမ်ချီသည် အိပ်မက်ရက်လုပ်ခြင်း နတ်ဘုရား ဝိညာဉ်ပညာရပ်များထဲမှ တစ်ခုကို အသုံးပြုကာ တျန့်လော်ဟုံ၏ ယိုယွင်းနေပြီ ဖြစ်သော ဝိညာဉ်ကို ချိပ်ပိတ်လိုက်ချိန် သူ၏ နက်ရှိုင်းသော စွမ်းအင်မှာလည်း မြင့်တက်လာလေသည်။

ကျိုးပဲ့နေပြီဖြစ်သော နတ်ဘုရားဝိညာဉ်မှာ မလှုပ်မရှားနိုင် အေးခဲသွား၏။ မှင်ရောင်ပမာ နက်မှောင်နေသော ချောက်ကမ်းပါး အမှုန်များ လုံးလုံးလျားလျား ဖုံးလွှမ်းလာပြီး အလင်းအားလုံး ဝါးမျိုကာ ပတ်ဝန်းကျင်ရှိ အရာအားလုံး အမှောင်အတိ ကျသွားတော့သည်။

မွန်းကျပ်စေသော ချောက်ကမ်းပါး အမှုန်များအတွင်း ပိတ်မိနေသည့် နတ်ဘုရားဝိညာဉ်သည် ယွမ်ချီ့လက်အတွင်းသို့ မကျရောက်မီ လေထဲ၌ ဝဲလွင့်နေလေသည်။

နတ်ဘုရားဝိညာဉ်သည် အားနည်းလာသည် နှင့်အမျှ ယွမ်ချီ အသုံးပြုခဲ့သော နတ်ဘုရားပညာရပ်အား ခုခံခြင်းမှာ မစွမ်းသာတော့လေ။

ယွမ်ချီ လုံးဝ ချိပ်ပိတ်နိုင်ခဲ့ပြီ။ နတ်ဘုရားအရှင် အမှန်ပင် ကျရှုံးသွားခဲ့လေပြီ။

ယွမ်ချီသာ အမှန်တကယ် ဆန္ဒရှိခဲ့ပါမူ စစ်မှန်သော နတ်ဘုရားပင်လျှင် သေဆုံးနိုင်သလို ဝိညာဉ်ကိုလည်း ချေမှုန်းပစ်နိုင်သည်။

ယနေ့...

ယနေ့တွင်ကား ချောက်ကမ်းပါးအတွင်း ရောက်ရှိသည်မှာ ဆယ်စုနှစ်

တစ်ခုပင် မရှိသေးသော ယွမ်ချီသည် မဖြစ်နိုင်သောအရာကို ပြုလုပ်နိုင်ခဲ့လေသည်။

သူ စစ်မှန်သော နတ်ဘုရားကို အမှန်တကယ် သတ်နိုင်ခဲ့ပြီ။

ရှေးဟောင်း မိုးပြာနဂါး၊ လင်နတ်ဘုရား သားရဲနှင့် လီဆွန်တို့ ပေါင်းစည်း ခွန်အားဖြင့် စစ်မှန်သော နတ်ဘုရားကို အနိုင်ယူခဲ့လေပြီ။

အမှန်တကယ် စစ်မှန်သော နတ်ဘုရားတစ်ပါး…

သာမန်မဟုတ်သော စစ်မှန်သည့် နတ်ဘုရား.. ဒ့ါပြင် နတ်ဘုရား ပြည်ထောင်၏ အစွမ်းထက်ဆုံး စစ်မှန်သော နတ်ဘုရား.. ထိုနတ်ဘုရား အရှင်ကို သူ အဆုံးသတ်နိုင်ခဲ့သည်။

သူရှိသမျှ အရာရာ ကုန်ဆုံးသွားခဲ့ရ၏။

သို့သော် သူ လုပ်နိုင်ခဲ့သည်။ သူတို့ ပြုလုပ်နိုင်ခဲ့ကြသည်။

ယွမ်ချီ အဝေးမှ ကြီးမားသော ချောက်ကမ်းပါး သားရဲနှစ်ကောင်ကို လှမ်းကြည့်လိုက်သည်။ သူတို့၏ ကြီးမားသော သဏ္ဌာန်ကြီးက ပြိုပျက်နေသော ချောက်ကမ်းပါးပေါ်တွင် မြဲမြံသော အသူရာပမာ ထီးထီးကြီး ရှိနေကြ၏။ ကနဦးက ဒေါသတကြီးရှိနေသော အသွင်အပြင်မှာ မှိန်ဖျော့သွားပြီး အကြွင်းမဲ့ နာခံသူ အနေအထားသို့ လျော့ပါးသွားခဲ့လေပြီ။

သူတို့ဝန်းကျင်ရှိ ပြင်းထန်စွာ ရွေ့လျားနေသော ချောက်ကမ်းပါး အမှုန်များအား အဆက်မပြတ် စုပ်ယူနေကြ၏။ သူတို့၏ တည်ရှိမှုကို ကြံ့ကြံ့ခံနိုင်ရန် အားဖြည့်ကြခြင်းပင်။

ထိုစဉ် ယွမ်ချီ့အတွေးထဲ နက်ရှိုင်းသော ရှေးဟောင်းလိုဏ်သံ တစ်ခု ဖြစ်ပေါ်လာသည်။ ထာဝရ တည်ရှိခဲ့သည့်အလား ခံစားရသည့် ဆက်သွယ်မှုမျိုးဟု ဆိုရမည်။

ချောက်ကမ်းပါးသားရဲ နဂါးအရှင်အသစ် ပြန်လည် ပေါ်ထွက်လာချိန် သူ့အတွင်းမှ နဂါးနတ်ဘုရား၏ အမွေအနှစ်သည် ထပ်မံ အတည်ပြုရန် စောင့်ဆိုင်းနေသည့် အမှန်တရားဟောင်း တစ်ခုကို အသိအမှတ် ပြုလိုက်ဘိအလား အလိုလို တုံ့ပြန်လာခြင်း ဖြစ်သည်။

သူ၏ နဂါးနတ်ဘုရား သွေးမျိုးစက်သည် နဂါးအားလုံး၏ အမွန်မြတ်ဆုံး၊ အသန့်စင်ဆုံးထက် ပိုမို အားကြီးသည်။ ပြင်းထန်လှသော အော်ရာမှာ အလွန် သန့်စင် ရှေးကျပြီး ချောက်ကမ်းပါး နဂါးသားရဲကြီး အတွင်းရှိ ပင်ကို ဆက်သွယ်မှု တစ်ခုကို နှိုးဆွပေးခဲ့၏။ ဤသည်မှာ မည်သည့်အခါမှ မဖီဆန်နိုင်သော တည်ရှိမှုမျိုးကို ရှာတွေ့ခဲ့သည့်အလား ဖြစ်သည်။

ကပ်ဘေးနှင့် မျှော်လင့်ချက် ဆိတ်သုဉ်းခြင်း အမှောင်ထုမှ ပုံဖော် မွေးဖွားလာသော သားရဲတစ်ကောင်သည် လုံးလုံးလျားလျားပင် လက်လျှော့အရှုံးပေးခဲ့ပြီး ဖြစ်သည်။

မမြင်နိုင်သော လွှမ်းမိုး ချုပ်ကိုင်မှု နှောင်ကြိုးများ တင်းကျပ်လာပြီး ၎င်း၏ ဆန္ဒဟူသမျှသည် ချုပ်နှောင် ခံလိုက်ရသည်။ ၎င်းသည် အသိဉာဏ် မရှိသော ပျက်စီးခြင်းစွမ်းအား...၊ ချောက်ကမ်းပါးအတွင်း ကြမ်းကြုတ်စွာ ကျင်လည် ကျက်စားနေသော သားရဲ.... ထို့ထက်မက- ယွမ်ချီ အပိုင်လည်း ဖြစ်သွားခဲ့လေပြီ။

ယွမ်ချီအတွက် အောင်မြင်မှု ဆိုယုံမျှမက ယခု နောက်ထပ် ချောက်ကမ်းပါး သားရဲတစ်ကောင် ထပ်တိုး ပိုင်ဆိုင်လိုက်ခြင်းပင်။

သာမန် ချောက်ကမ်းပါး သားရဲမဟုတ် နတ်ဘုရား ကန့်သတ် နှောင်းပိုင်း အဆင့် ဖြစ်တော့၏။

အလွန်ကြမ်းကြုတ်သော စွမ်းအားများဖြင့် ဆိုးရွားလှသော ချောက်ကမ်းပါးကြီးအတွင်း ကြီးမား ခက်ထန်သော သားရဲပေါင်းများစွာ ရှိ

သော်ငြား ၎င်းမှာ ဖျက်ဆီးခြင်း အထွတ်အထိပ်တွင် ရပ်တည်နေသည်။

ချောက်ကမ်းပါး နဂါးသားရဲသည် သူ၏ ကျင့်ကြံခြင်း အဆင့်များ ဆုံးရှုံးခဲ့ရပြီးနောက် နတ်ဘုရား ကန့်သတ် အထွတ်အထိပ် အဆင့်မှ နတ်ဘုရား ကန့်သတ် အစောပိုင်း အဆင့်သို့ ကျဆင်းသွားသော်လည်း ခြားနားချက်မှာ သိသာပေသည်။

ဤသည်မှာ သူ၏ တည်ရှိမှုကို လုံးဝ ပျက်စီးသွားနိုင်သည့် ဖိအားတစ်ခု ဖြစ်ပြီး မရပ်တန့်နိုင်သော ကပ်ဘေးတစ်ခုလည်း ဖြစ်၏။

သို့သော် ဤနေရာကား အဆုံးမရှိသော မြူခိုးပင်လယ် အတွင်းဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများ၊ တွေးခေါ်နိုင်စွမ်းများ ပျက်သုန်းရာ၊ အရာအားလုံး ဝါးမျိုရာ နေရာလည်း ဖြစ်သည်။

ပျက်စီးလုနီးပါး ဖြစ်ခဲ့သော်လည်း ယခုအခါ သူ၏ ကြီးမားသော၊ ချောက်ကမ်းပါးနှင့် အသားကျသွားသော ပုံစံကြီးကား ခံတပ်ကြီး သဖွယ် မားမားရပ်လျက် ရှိသည်။ အကြွင်းမဲ့ ဖျက်ဆီးခြင်းမှ တစ်ပါး အခြားမရှိသော ပြိုင်ဘက်ကင်း တိုက်ပွဲဝင် ယန္တရားတစ်ခုပမာ ရှိနေသည်။

ခွန်အားအရာတွင် အထွတ်အထိပ်ကို မယှဉ်သာသော်လည်း လုံလောက်သည်ထက်ပင် ပိုသေး၏။ ဤစစ်မြေပြင်ကို ကြီးစိုးရန် လုံလောက်ခဲ့ပါ၏။

အောင်ပွဲသည် လီဆွန်၏ တည်နေရာနှင့် စီစဉ်ပေးမှုဖြစ်သလို ယွမ်ချီ၏ တိကျမှု၊ အကောင်အထည် ဖော်မှုလည်း ဖြစ်သည်။

ယွမ်ချီ အတွေးများ စိတ်ဝိညာဉ်၏ အနက်ရှိုင်းဆုံးရှိ ကောင်းကင်ပုလဲဆီသို့ ချက်ချင်း ပျံ့လွင့်သွားခဲ့သည်။ သူ အသိစိတ် ဝင်လာချိန် ဟုန်အာ၏ စိုးရိမ်တကြီး ဟန့်တားသံက ကြိုဆိုလာ၏။ သူမ အသံက ပူပန်မှုတို့ ပြည့်လျှမ်းလျက် ရှိသည်။

အနီးပါးမှ ယုအာမှာမူ တိတ်တဆိတ်သာ ရပ်နေလေသည်။ စကားမပြော သည့်တိုင် သူမ အမူအရာသည်လည်း စိုးရိမ်မှုတို့ ထပ်တူ ရှိနေသည်။

"အဖြူရောင် မမက အိပ်ဖို့ အချိန် နည်းနည်း လိုနေတယ်လို့ ပြောတယ်။ သူမကို မနှောင့်ယှက်နဲ့"

လီဆွန်အား နောက်ထပ် ဝန်ထုပ်ဝန်ပိုးမှ ကာကွယ်ရန် ဟုန်အာ ဟန့်တား စကားဆိုလာသည်။

"အင်း" ခေါင်းညိတ်လိုက်သော ယွမ်ချီ အမူအရာက နူးညံ့ပျော့ပျောင်းနေ ပေသည်။ ဤသည်မှာ သူမျှော်လင့်ထားပြီး ဖြစ်သည်လေ။

လီဆွန်အပေါ် ကျေးဇူးကြွေးများ ဆက်ကာ တိုးလာပေပြီ။ ထိုသို့သာ ဆိုပါ က သူ့ပေါ်ထားသော သူမ၏ ကြင်နာမှုကို သူ့ကိုယ်ခန္ဓာ သုံး၍ ပြန်ဆပ်လျှင် ပင် ကျေနိုင်ပ့ါမလား..။

ထိုအတွေးကြောင့် သူ မသိမသာ တုန်လှုပ်သွားသော်လည်း အမြန်ပင် ရှင်းထုတ်လိုက်သည်။

ယွမ်ချီ ကျင့်ကြံဆင့်များ ချိုးဖျက်ပြီးတိုင်း ချိုးဖျက်တိုင်းတွင် လီဆွန်၏ ခွန်အားသည်လည်း သူနှင့်အတူ တိုးလာပေသည်။ တစ်ဆက်တည်းမှာပင် ရှေးဖန်ဆင်းရှင် နတ်ဘုရား၏ ဝိညာဉ် ပြန်လည်ကာ ကောင်းလာပြီး သူမ အတိတ်၏ အပိုင်းအစများမှာ ပို၍ ပို၍ ပေါ်လာသည်။

မကြာခင်က သူမ အသုံးပြုခဲ့သော ပညာရပ်မှာ သူ၏ စိတ်ဝိညာဉ်နှင့် ခန္ဓာ နှစ်မျိုးလုံးကို မှန်းဆမရနိုင်သော အရှိန်အဟုန်ဖြင့် ကုစားပေးခဲ့ပြီး ကြီးမားသော တန်ကြေး ဖြစ်လာမည်ကိုလည်း သူ သေချာသိခဲ့၏။

သို့သော် သူ ဒီထက်ပို၍ ဖိအား မပေးတော့ပေ။ သူ မလုပ်ချင်သောကြောင့် မဟုတ်သော်လည်း သူ မတတ်နိုင်တော့ပြီ။ ယနေ့ ဖြစ်ပျက်ခဲ့သည့် အရာ

များအတွက် မကြာမီ အခြား နတ်ဘုရားများ ပေါ်လာတော့မည်မှာ သေချာပေသည်။

အရင်ကလို၊ သူ့ကို သူမ ပထမဆုံး ကူညီခဲ့စဉ်ကလို သူမ ဝိညာဉ် အပြည့်အဝ ပြန်ကောင်းလာသည်နှင့် သူမဘာသာသူမ ပြန်ရောက်လာဦးမည်ကို သူသိပါသည်။

သို့သော် ထိုအချိန် ရောက်သည်အထိ သူလုပ်နိုင်သည်ကား... စောင့်မျှော်ခြင်းသာ ဖြစ်တော့၏။

ထိုအတွေးဖြင့် ယွမ်ချီ၏ အသိစိတ် ကောင်းကင်ပုလဲအတွင်းမှ ထွက်ခွာလာခဲ့သည်။ ထိုမတိုင်မီ ဟုန်အာကို ဓားတစ်လက်၊ ယုအာကို မုန့်တစ်ခုပေးပြီး ကျေးဇူးတင်ကြောင်း လက်ဟန်ခြေဟန်ဖြင့် တိတ်တဆိတ် ပြောလိုက်သည်။

မျက်လုံးများ ပြန်ဖွင့်လိုက်ချိန် မီးခိုးရောင် အပျက်အစီး ချောက်ကမ်းပါးကမ္ဘာကြီး အလယ် သူ မားမားရပ်လျက်......။

သူ့စိတ်ထဲ အခိုက်အတန့် အတွင်းက ဖြစ်ပျက်ခဲ့သမျှကို ပြန်လည် သုံးသပ်ကြည့်လိုက်သည်။

သူ၏ ရှေးဟောင်း နဂါးနတ်ဘုရား စိတ်ဝိညာဉ် ဟိန်းဟောက်သံမှာ စစ်မှန်သော နတ်ဘုရားကို အံ့အားသင့်စေခဲ့ပြီး ချောက်ကမ်းပါး သားရဲများအတွက် တိုက်ခိုက်မှုကို စတင်ရန် အခွင့်လမ်း ဖြစ်စေခဲ့၏။

ပြီးနောက် စက္ကန့်ပိုင်းအတွင်း ..

နဂါးသားရဲ၏ တိုက်ခိုက်မှုက အင်ပြည့်အားပြည့် ဆင်းသက်လာသလို လင်နတ်ဘုရား သားရဲ၏ မဆုတ်မဆိုင်း တိုက်ခိုက်မှုက လိုက်ပါလာသည်။ သူတို့၏ ပေါင်းစပ် အင်အားမှာ တျန့်လော်ဟုံ၏ ခုခံမှုကို ဖရိုဖရဲ သွားစေခဲ့

ပြန်သည်။

တျန့်လော်ဟုံ နက်ရှိုင်းသော စွမ်းအားကို စုစည်းရန် ရုန်းကန်လိုက်တိုင်း ယွမ်ချီ နဂါးနတ်ဘုရား ဟိန်းသံဖြင့် ဖြိုခွင်း နှောင့်ယှက်ကာ စစ်မှန်သော နတ်ဘုရား၏ စိတ်ဝိညာဉ်ကို အားနည်းစေခဲ့သည်။

ရပ်တန့်ခြင်းမရှိ၊ တုံ့ဆိုင်းခြင်း မရှိခဲ့ပါလေ။

ဒ့ါပြင် ယွမ်ချီသည် အိပ်မက်ရက်လုပ်ခြင်း နတ်ဘုရား ဝိညာဉ် ပညာရပ်ကို အသုံးပြုလျက် တျန့်လော်ဟုံ၏ ဆန္ဒကို စက္ကန့်တိုင်း ချေဖျက်ရင်း စိတ်ကို လှည့်စားခြင်းနှင့် ထိခိုက်စေခြင်း နည်းလမ်းများ ပြုလုပ်ခဲ့သည်။

အောင်မြင်မှု တစ်ခုဖြစ်ခဲ့၏။

မဟုတ်သေးပေ။

အလုံးစုံ ရှုံးနိမ့်မှုလည်း ဖြစ်နိုင်သည်။

အကယ်၍ လီဆွန်သာ မရှိခဲ့လျှင်... ဤသည်က ကပ်ဘေး အနေဖြင့် အဆုံးသတ် သွားနိုင်ပေသည်။

သူ စွန့်စားမှု တစ်ခု ပြုခဲ့၏၊ အကုန်လုံးနီးပါး ဆုံးရှုံးသွားမည့် စွန့်စားမှုဟု ဆိုရပေမည်။

သို့သော် -

သို့သော်လည်း လီဆွန်၊ သူမကြောင့်၊ ဖန်ဆင်းရှင် နတ်ဘုရားမ၏ ဖြည့်စွက်မှုကြောင့် သူနိုင်ခဲ့ရသည်။

သူ့လက်ချောင်းများ ဖြူဖျော့သွားသည် အထိ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း ချောက်ကမ်းပါး အတွင်း လှမ်းမျှော်ကြည့်လိုက်သည်။

ဟိုး.. အဝေးမှာ....

တုန်တုန်ယင်ယင်ဖြစ် ရှေ့သို့ ပြေးလာနေသော ပုံရိပ်တစ်ခု...

သူ၏ နတ်ဘုရားအော်ရာက မသိမသာ လင်းလင်းနေပြီး သူ့မျက်နှာသည် မယုံကြည်နိုင်မှု ထိတ်လန့်မှုတို့ဖြင့် ရှုံ့တွနေသည်။ ဒဏ်ရာရ တုန်ရီနေသော သူ့ခန္ဓာသူ ပြန်ဆန်းစစ်ချိန်ပင် မရလောက်ပေ။

"ဒါ ဘာလဲ.."

တျန့်မိုကီ....။

သူအရှင်၏ ပြင်းထန်သော စွမ်းအားကို ခံစားမိလိုက်ချိန် ပင်ပန်းမှု၊ နာကျင်ကိုက်ခဲမှုနှင့် ချောက်ကမ်းပါး အမှုန်များ၏ လွန်ကဲ နက်ရှိုင်းသော သက်ရောက်မှုတို့ကို ရုန်းကန်ရန် သူ့ကိုယ်သူ အတင်းအကျပ် တွန်းအား ပေးလာခဲ့သည်။

သို့သော် သူ့အရှင်၏ အော်ရာ အားနည်းသွားခဲ့ပြီ၊ ထို့နောက် လုံးဝ ပျောက်ကွယ် သွားခဲ့လေပြီ။

"ဘာ ဖြစ်တာလဲ"

သူ့ အသံ တုန်ယင်နေသလို သူ့စိတ်သည်လည်း လှိုင်းထန်နေ၏။

အားနည်းနေသော အခြေအနေကြောင့် သူ့ နတ်ဘုရားအာရုံမှာ ဖြစ်ပျက်သည်ကို နားလည်ရန် မလုံလောက်ခဲ့ပေ။ သူ မသိခဲ့ပေ။ တျန့်လော် ဟုံ သေဆုံးသွားခဲ့သည်ကို... ၎င်း၏ ဝိညာဉ် ချိပ်ပိတ်ခံထားရသည်ကို... အစွမ်းထက်ဆုံး စစ်မှန်သော နတ်ဘုရား ကျဆုံးသွားခဲ့သည်ကို... သူ လုံးဝ မသိပါခဲ့ချေ။

ထို့ပြင် မျက်လုံး သုံးစုံသည်လည်း သူ့အပေါ် စိုက်စိုက်ကြီး ကြည့်နေသည် ကို သူမသိပါလေ။

နှစ်စုံမှာ လူသားများ မဟုတ်ကြ။ ကြီးမားပြီး အရိုင်းဆန်သော အကြည့်

များက ချောက်ကမ်းပါး ကြယ်များပမာ တောက်ပနေ၏။

နောက်ဆုံး မျက်လုံးအစုံမှာမူ လူသား မျက်လုံးများ ဖြစ်ပြီး ဗလာကျင်းကာ အဆုံးမရှိ နက်ရှိုင်းသော အမှောင်ထုများဖြင့် ဖုံးလွှမ်းနေသည်။

ယွမ်ချီနှင့် ချောက်ကမ်းပါး သားရဲကြီးများ သနားစရာ အဘိုးအိုကို စိုက်ကြည့်နေကြခြင်းပင်။

တစ်ချိန်က အရှိန်အဝါ ကြီးမားခဲ့သော ထိုပုဂ္ဂိုလ်သည် ယခုအခါ စိတ်ထောင်းကိုယ်ကြေ ကျိုးပဲ့နေသော အရိပ်တစ်ခုသာသာ ဖြစ်နေခဲ့လေပြီ။

သူသည် အရာအားလုံး ပျက်သုန်းလျက်ရှိပြီး မြူခိုးပင်လယ်၏ နက်ရှိုင်းသော အတွင်းပိုင်း၌ စောင့်ဆိုင်းနေသော ကြမ်းကြုတ်သည့် သားရဲများထံမှ ပြင်းပြင်းထန်ထန် ရုန်းကန်ခဲ့ရ၏။

ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် ဒဏ်ရာများဖြင့် ချုံးချုံးကျနေပြီး ခွန်အားသည်လည်း အကန့်အသတ်အထိ ကုန်ခန်းလျက် အချိန်မရွေး ပြတ်ထွက်တော့မည့် ကြိုးတစ်စ ပမာ ဖြစ်နေလေပြီ။

နောက်ဆုံး သူ့ အရှင်လို... သူသည်လည်း မလွတ်နိုင်တော့ပေ။

မီးခိုးရောင် အဖျက်သဘောဆောင်သော ချောက်ကမ်းပါးကြီးသည် သူ့ဆန္ဒကို ဖီဆန်သူများအား တောင်းဆိုနေလေ၏။ အားနည်းနေသော တျန့်မိုကီမှာ တစ်ခဏအတွင်းမှာပင် အရုပ်ကျိုးပြတ် ဖြစ်သွားခဲ့သည်။

ယွမ်ချီ ချောက်ကမ်းပါး အမှုန်များအား လှုံ့ဆော်လိုက်ပြီး ကျိုးပဲ့ပျက်စီးနေသော အဘိုးအို၏ အလောင်းကို တိုက်စားစေလိုက်သည်။

အရာအားလုံး အပေါ် အညှာအတာ ကင်းမဲ့စွာ ဖျက်ဆီး ဝါးမျိုတတ်သော ချောက်ကမ်းပါး အမှုန်များသည် တစ်ချိန်က စန်းလော်နတ်ဘုရားပြည်ထောင်၏ မြင့်မြတ်သော အကြီးအကဲအား ဘာဆိုဘာမှ မကျန်အောင်

တိုက်စားပစ်လိုက်ပြီး အရာရာ ပျက်သုန်းပျောက်ကွယ် သွားစေတော့၏။

"သနားစရာပဲ"

ယွမ်ချီ တျန့်မိုကီ၏ နောက်ဆုံး အကြွင်းအကျန်နဲ့ စိတ်ဝိညာဉ် ပျောက်ကွယ်သွားသည်ကို ကြည့်ကာ ပင့်သက်ရှိုက်လိုက်ပြီး စိတ်လက် မသက်သာစွာ ခေါင်းအား ခါယမ်းလိုက်သည်။

ထို့နောက် နီယွမ် ကျောက်တုံးကို အသက်သွင်းလိုက်ပြီး ၎င်း၏ စွမ်းအားများဖြင့် သူ့တည်ရှိမှုကို လုံးလုံးလျားလျား ဖုံးလွှမ်းလိုက်လေသည်။

ယွမ်ချီနှင့် ချောက်ကမ်းပါး သားရဲများသည် အမှောင်အတိ ဖုံးလွှမ်းနေသော ချောက်ကမ်းပါးကြီး အတွင်း တရွေ့ရွေ့ တိုးဝင်သွားပြီး ထာဝရ မီးခိုးရောင် ဟင်းလင်းပြင်ထဲ ပျောက်ကွယ် သွားတော့သည်။

-------------

ချောက်ကမ်းပါး အမှုန်များ ထိတွေ့မှုကင်းသော ချောက်ကမ်းပါး တစ်ခုလုံး၏ အမြင့်မြတ်ဆုံး နေရာ-

စုဝေးမှုတစ်ခုတွင် မြင့်မြတ်သော ပုဂ္ဂိုလ်များ ဘေးချင်းယှဉ်လျက် ရှိနေကြသည်။

သူတို့သည် ချောက်ကမ်းပါး ကမ္ဘာ၏ စွမ်းအားအကြီးဆုံး တည်ရှိသူများဖြစ်ပြီး သူတို့၏ ရှေ့တွင်မူ ချောက်ကမ်းပါး အရှင်သည် ပကတိ တိတ်ဆိတ်စွာ ရပ်နေ၏။ သူ၏ အကြည့်များက ဖော်ညွှန်းမရနိုင်သော ဆွဲအားများဖြင့် လေးလံနေသည်။

သူတို့ အရှေ့တွင်မူ နတ်ဘုရား ရုပ်ထု ခြောက်ခု ရှိနေပြီး တစ်ခုချင်းစီသည် သူတို့ သက်ဆိုင်ရာ နတ်ဘုရားများ၏ နတ်ဘုရားစွမ်းအားကို ကိုယ်စားပြုသော ရောင်ဝါများ ထုတ်လွှတ်နေသည်။

သို့သော် တစ်စုံတစ်ခုမှာ မှားယွင်းနေပေသည်။

ရုပ်တု ငါးခုမှာ မှိန်ဖျော့လျက် သူတို့၏ စွမ်းအားများ မှေးမှိန်နေပြီး အတွင်းပိုင်း၌ ရစ်ဝဲနေသည့် သေးငယ်သည့် ဝိညာဉ် အပိုင်းအစလေးများ ကျန်ရှိနေသည်။

သို့သော် တစ်ခုမှာ- ထိုတစ်ခုမှာမူ ခြားနားနေလေသည်။

ထိုရုပ်တု၏ နတ်ဘုရား စွမ်းအားများမှာ တဖျတ်ဖျတ် တောက်ပနေပြီး တခြားဟာများထက် သိသိသာသာ လင်းလက်နေသည်။

နတ်ဘုရား စွမ်းအား လွှမ်းခြုံထားသော အရှိန်အဝါဖြင့် ကြီးမြတ်သော ခန်းမအား ဖြတ်သန်း ဝင်ရောက်လာသော ဒုတိယ နေမင်းအလား ထင်ရ၏။

အလွန်အမင်း တောက်ပနေမှုကြောင့်... တက်ရောက်လာသူတိုင်း တူညီသော အမူအရာများ ဖြစ်သွားကြသည်။

ဤသည်ကား မည်သည့် အဓိပ္ပာယ်ဟူသည်ကို သူတို့အားလုံး နားလည်ကြသည်လေ။

နတ်ဘုရား ပြည်ထောင်၏ နတ်ဘုရားသားတော်၊ သမီးတော် တစ်ဦးဦး စစ်မှန်သော နတ်ဘုရား တစ်ပါးအဆင့် တက်လှမ်းလာချိန် အရှေ့ပုဂ္ဂိုလ် ထံမှ စွမ်းအား ဆက်ခံ၍ နတ်ဘုရား အရင်းအမြစ် လွှမ်းမိုးမှုကို ခံရသောကြောင့် သူ၏ အလင်းများ ထာဝရ ပျောက်ကွယ် သွားရသည်။

သို့သော် ရုတ်တရက် တစ်ဖန် လင်းလက်လာခြင်း.. နတ်ဘုရား စွမ်းအားများ ပြန်လည် ရရှိခြင်းတို့အတွက်မူ.. ဖြစ်နိုင်ချေမှာ တစ်ခုတည်းသာ ရှိပေသည်။ ယင်းကား နတ်ဘုရား တစ်ပါး သေဆုံးသွားခြင်းပင်တည်း။

"နတ်ဘုရား သားတော် တျန့်... ချောက်ကမ်းပါး အရှင်ထံမှ မြင့်မြတ်သော

သတင်းစကား ရှိပါတယ်"

တျန့်ကျိုကြီး၏အရှေ့ ဆက်သွယ်ရေး အဆောင်ကို ဂရုတစိုက် တင်ပြလာသော ကြီးမြတ်သော အကြီးအကဲ၏ လက်များ တုန်ယင်လို့နေသည်။ သူ၏ မျက်နှာမှာ ဖြူဖျော့နေပြီး အသက်ရှူမဝ ဖြစ်ကာ တစ်တိုင်းပြည်လုံး၏ ကံကြမ္မာကို ကိုင်ဆောင်ထားရသည့်ပမာ ဖြစ်နေသည်။

သို့သော် ထိုအရာမှာ သာမန် အဆောင် တစ်ခု မဟုတ်ပါလေ...။

ရှေးဟောင်း စစ်မှန်သော နတ်ဘုရား မှတစ်ပါး တခြားမည်သူမှ အသုံးမပြုနိုင်သော နတ်ဘုရားများ၏ ရှေးဟောင်း ပစ္စည်းထဲမှ တစ်ခုဖြစ်သည်။

နတ်ဘုရား အဖွဲ့အစည်းဆိုင်ရာ ပညာရှင် ဖြစ်သော ဘုန်းတော်ကြီး ဝမ်တောက်မှာ ဝေးလံသော ဆက်သွယ်မှုများ အတွက် နတ်ဘုရားများ သီးသန့် အသုံးပြုနိုင်ရန် ဖန်တီးပေးခဲ့သော အရာဖြစ်သည်။ သို့သော် ထိုရတနာကို သာမန်ကာလျှံကာ ကိစ္စများ၌ မသုံးကြပေ။ အကြောင်းမှာ ၎င်းအား အသက်သွင်းခြင်းက အရေးကြီးသော ကိစ္စရပ်များ ရှိသောကြောင့် ဖြစ်သည်။

အကြီးအကဲသည် တျန့်ကျိုကြီးအား အဆုံးမဲ့ မြူခိုးပင်လယ်မှ ဝေးရာသို့ မပို့ဆောင်မီ တျန့်လော်ဟုံ ကိုယ်တိုင် သူ့အား ဤအရာ အပ်နှင်းခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုအခါ ..

၎င်းအား အသက်သွင်းခဲ့လေပြီ...။

"ချောက်ကမ်းပါး အရှင်ဆီက သတင်းစကား ဟုတ်လား......"

***